# Blogger ကိုထူးတေဇာနဲ့ တွေ့ဆုံခြင်း

နည်းပညာ အသစ်အဆန်းတွေ ပေါ် ထွက်လာတာနဲ့အမျှ သတင်းအချက်အလက်တွေ ပေးပို့နှုန်း၊ ရယူနှုန်းတွေပါ မြန်ဆန်လာနေတဲ့ ယနေ့ခေတ်မှာ press media ဟာ အတိုင်းအတာတစ်ခုအထိ မှိန်ပြနေပါပြီ။ လူအများစုဟာ social website တွေ၊ blog တွေကို အသုံးပြုပြီး သတင်းအချက် ဖလှယ်ခြင်း၊ အတွေးအမြင်တွေ ဖလှယ်ခြင်းနဲ့ နည်းပညာတွေ မျှဝေပေးခြင်းကို ပြုလုပ်လာတာတွေ ပိုအရှိန်မြန်လာပါတယ်။ အဲဒါကြောင့် ၂၀၀၇ ခုနှစ်ကနေ ယနေ့အထိ blogger တစ်ယောက်အနေနဲ့ရော freelance web designer တစ်ယောက်အနေနဲ့ပါ ရပ်တည်နေတဲ့ ကိုထူးတေဇာနဲ့ တွေ့ဆုံမေးမြန်းဖြစ်ခဲ့တာတွေကို PCWorld ပရိသတ်တွေအတွက် ဖော်ပြလိုက်ပါတယ်။



**အခု လက်ရှိလုပ်နေတဲ့ အလုပ်အကိုင်က ...**

Freelance web designer ပါ။ Project အလိုက် လာအပ်တာတွေကို လုပ်တာပါ။ Blog လည်း ရေးပါတယ်။

**အသက်က ...**

၂၃ နှစ်ပါ။

**ကျောင်းပြီးတဲ့ မေဂျာက ...**

Physics

**Blog စရေးတဲ့ခုနှစ်ကရော ...**

၂၀၀၇ ခုနှစ်လောက်ကတည်းကစပြီး စွဲစွဲမြဲမြဲ ရေးဖြစ်ခဲ့တာပါ။

**Blogger တစ်ယောက်ဖြစ်လာဖို့ အဓိက ဖြစ်ခဲ့တဲ့ motivation က ဘာပါလဲ**

၂၀၀၇ ခုနှစ် မတိုင်ခင်တုန်းက forum တွေပဲ ရေးဖြစ်တယ်။ ဒါပေမဲ့ ကိုယ့်အတွေးအမြင်တွေ၊ ကိုယ့်အတွေ့အကြုံတွေကို ရေးဖို့ကျ forum က သိပ်အဆင်မပြေဘူး။ အများနဲ့စုဖွဲ့ စကားပြောတာဆိုတော့ personal အမြင်တွေတင်ဖို့ တစ်ခါတလေ ခက်ခဲတယ်။ Blog မှာကျ ဒါမျိုးတွေလည်းရေးလို့ ရတာနဲ့ပဲ blog ရေးဖို့ motivation တွေ ရခဲ့တာပါ။

**Blog ရေးခဲ့သမျှထဲမှာ မှတ်မှတ်ရရ အဖြစ်ဆုံး အကြောင်းအရာက ဘာပါလဲ**

ကျွန်တော် blog ရေးရင် နည်းပညာအကြောင်းတွေ ရေးဖြစ်တာများတယ်။ မှတ်မှတ်ရရ အဖြစ်ဆုံးကတော့ blog




စရေးရေးချင်းတုန်းက ရေးခဲ့တဲ့ search engine တွေ အလုပ်လုပ်ပုံအကြောင်းပဲ။ ဒီဘက်နောက်ပိုင်းကျတော့ မြန်မာ font တွေအကြောင်း ရေးဖြစ်တယ်။ Unicode တို့ ဘာတို့ပေါ့။ ဒါလည်း မှတ်မှတ်ရရ ဖြစ်တဲ့အထဲမှာ ပါပါတယ်။

## ပထမဦးဆုံး အသုံးပြုခဲ့တဲ့ blog address က

အစတုန်းကတော့ www.tayzar44.blogspot.com နဲ့ ရေးတယ်။ ၂၀၀၈ ခုနှစ်လောက်မှာ ban ခံရတယ်။ အဲဒါကြောင့် ကိုယ်ပိုင် domain ဝယ်ပြီး ပြန်ရေးပါတယ်။ www.htootayzar.com/myblog ပါ။ အများဆုံးရေးဖြစ်တဲ့ အကြောင်းအရာတွေက computer နည်းပညာအကြောင်း၊ internet အကြောင်း၊ web အကြောင်း နဲ့ website တွေအကြောင်းပါ။

## Website တွေကို ညွှန်းရင်ရော ဘယ်လို website မျိုးတွေကို ညွှန်းလေ့ရှိပါသလဲ

များသောအားဖြင့်တော့ နည်းပညာ အသစ်အဆန်းတွေ အကြောင်း ပါတဲ့ website တွေပါ။ Web design site တွေပေါ့။ ဥပမာ – www. smashingmagazine.com ပေါ့။ ဒီ site မှာ web design ကို အခြေခံကနေစပြီး advanced level အထိ ကိုယ်တိုင်လေ့လာလို့ရတယ်။ နောက်တစ်ခုက www.devianart.com ပါ။ ဒီ site မှာကျတော့ ပန်းချီ၊ ပုံဆွဲ၊ 3D design ၊ web design တွေကို လေ့လာလို့ရတယ်။ တခြားသူတွေ တင်ထားတဲ့ ပုံတွေကိုလည်း လေ့လာလို့ရတယ်။ www.vimeo.com ကျတော့ motion graphic လို့ခေါ်တဲ့ 3D animation တွေ၊ video editing ပိုင်းတွေကို လေ့လာလို့ရ တယ်။

## Blog ကို ပုံမှန်ရေးဖြစ်တဲ့အချိန်က ...

ညနေဘက်တွေ ရေးဖြစ်တာများတယ်။ နေ့ဘက်ကျတော့ တခြားအလုပ်တွေရှိလို့ပါ။

## အချိန်တော်တော်ကြာပေးပြီး ရေးရတဲ့အကြောင်းအရာတွေကိုလည်း ပြောပြပေးပါဦး

Website အသစ်တစ်ခုအကြောင်းတို့၊ နည်းပညာအသစ်တစ်ခုအကြောင်းတို့ ညွှန်းရင်ကျ အချိန်သိပ်မပေးရဘူး။ Paper လိုမျိုး research လုပ်ပြီးမှ ရေးရတာမျိုးကျ ကြာတယ်။ Search engine တွေရဲ့ အလုပ်လုပ်ပုံတွေအကြောင်း၊ OS တွေရဲ့ အခြေခံ အလုပ်လုပ်ပုံအကြောင်းတွေ ရေးတုန်းက ၃၊ ၄ ရက်လောက် ကြာခဲ့တယ်။ စာကလည်း ရှည်တယ်။ ဖတ်တဲ့လူ နားလည်အောင်လည်း ရေးလိုက်၊ ပြင်လိုက် ခဏခဏ ပြန်လုပ်ရတယ်။ ကျွန်တော်သုံးတဲ့ အသုံးအနှုန်းတွေ၊ နည်းပညာတွေ မှန်၊ မမှန်ကို wikipedia လိုဟာမျိုးတွေနဲ့ ပြန်ပြန် တိုက်စစ်ရတယ်။ အဲဒါမျိုးတွေကျတော့ ကြာတတ်ပါတယ်။




## Blogger တစ်ယောက်မှာ ရှိသင့်တဲ့ အရည်အချင်းတွေက ...

Blog ပိုင်တဲ့သူတိုင်းကို blogger လို့ ပြောလို့ရပေမယ့် ethics ပိုင်းတွေကို ဂရုစိုက်ရပါမယ်။ Online media ကို သုံးပြီး တော့ တစ်ဖက်သားကို အပုပ်ချတာတို့၊ နစ်နာအောင် လုပ်တာတို့၊ personal ပိုင်း တိုက်ခိုက်တာတို့ကို ရှောင်သင့်တယ်။ ဘာပဲလုပ်လုပ် ကိုယ်ချင်းစာတရားလေးတော့ ရှိစေချင်တယ်။ သတင်းရင်းမြစ်တွေကို သေသေချာချာ စုံစမ်း

ပြီးမှ တခြားလူကို ဝေမျှသင့်တယ်။ ဒီမှာက blog ရေးရင် မြန်မာလိုပဲ ရေးကြတာများတယ်။ အင်္ဂလိပ်လိုပါ ရေးနိုင် ရင်တော့ မြန်မာပြည်ရဲ့ မြို့တွေ၊ ယဉ်ကျေးမှုဓလေ့တွေကို နိုင်ငံခြားသားတွေ ပိုသိလာနိုင်ပြီး မြန်မာပြည်အတွက် အကျိုးရှိမယ်လို့ ထင်ပါတယ်။




## အခုလက်ရှိ မြန်မာနိုင်ငံက blog ရေးနေတဲ့လူတွေထဲမှာ စံထားရတဲ့ သူတွေများ ရှိပါသလား

ရှိပါတယ်။ www.blog.nyilynnseck.com ပါ။ ကိုညီလင်းဆက်က သူ မြန်မာစာအကြောင်း လေ့လာထားတဲ့ သူ့ research တွေကို တင်လေ့ရှိတယ်။ သူ့ရဲ့ personal dirary လိုပုံစံမျိုးတွေ၊ personal အတွေးအမြင်တွေကိုလည်း တင်ပါတယ်။ နောက်တစ်ခုက www.blog.mghla.net ပါ။ ကိုမောင်လှက နည်းပညာအကြောင်း၊ ဓာတ်ပုံတွေအကြောင်း၊ မန္တလေးနဲ့ သက်ဆိုင်တဲ့ အကြောင်းတွေ တင်လေ့ရှိတယ်။ သူက blog ဘယ်လိုလုပ်မလဲတို့၊ blog လုပ်ရင် အဆင်မပြေဖြစ်နိုင်တဲ့ နည်းတွေတို့၊ blog မှာ PDF ထည့်နည်းတို့၊ MP3 သီချင်း ထည့်နည်းတို့ကအစ ရေးလေ့ရှိတယ်။

www.myokyawhtun.com ကျတော့ ကိုမျိုးကျော်ထွန်းက web developer ဖြစ်တာကြောင့် web နဲ့ပတ်သက်တဲ့ အကြောင်းတွေ၊ tutorial တွေ၊ website အကြောင်းတွေကို ရေးလေ့ရှိတယ်။




## ပုံမှန်ဖတ်ဖြစ်တဲ့ပြည်ပ blog တွေကရော ...

www.cartoonbarry.com ပါ။ ဒီ site က cartoon ဆိုတဲ့ စကားလုံးပါ ပေမယ့် ကာတွန်းအကြောင်းတော့ မဟုတ်ဘူးဗျ။ သူ့ personal အကြောင်းတွေ၊ computer ပညာအကြောင်းတွေ ရောရေးထားတဲ့ site ပါ။ နောက်တစ်ခုက www.engadget.com ပါ။ နောက်ဆုံးပေါ် computer တွေ၊ mobile phone တွေ၊ tablet တွေရဲ့အကြောင်းအရာတွေကို ရေးလေ့ရှိတယ်။ www.gizmodo.com ကျတော့ နည်းပညာအကြောင်းတို့၊ အိမ်သုံးပစ္စည်းအဟောင်းတွေကို ဘယ်လို ပြန်အသုံးချမလဲတို့ အစုံ တင်လေ့ရှိပါတယ်။

## အခုနောက်ပိုင်း citizen journalist ထဲမှာ blogger တွေလည်း ပါဝင်လာတယ်။ အဲဒါနဲ့ ပတ်သက်တဲ့ အမြင်လေးကို သိပါရစေ

Blogger ထဲမှာ တချို့တွေက personal အကြောင်း သီးသန့်ရေးတာ ရှိတယ်။ တချို့ကျတော့ လုံးဝ journalist လိုင်းအတိုင်း သွားတယ်။ ဒီနိုင်ငံမှာ press media က အများအားဖြင့် တစ်ပတ်တစ်ကြိမ်ပဲ ထုတ်ကြတာဆိုတော့ တချို့ သတင်းတွေကို blog မှာ နေ့ချင်းတင်တာက လူသိလည်း ပိုမြန်တယ်။

မှတ်မှတ်ရရဆိုရင် ၂၀၀၇ ခုနှစ်တုန်းက ဒွေးကွယ်လွန်တယ်။ အဲဒီအကြောင်းကို blogger တွေကပဲ နေ့ချင်းစတင်လိုက်တာ။ တခြားဖြစ်ရပ်တွေလည်း အဲဒီလိုပါပဲ။ Blogger တွေ ကြုံတွေ့ လိုက်ရတယ်ဆိုရင် ချက်ချင်းကို share လုပ်ကြတာပါပဲ။ တစ်ခုရှိတာက တချို့ blogger တွေက ကိုယ်ပိုင်အမြင်တွေကိုပါ ထည့်ရေးတတ်ကြတယ်။

## Press media ထက် ပိုမြန်လာတဲ့ အတွက် အများဆုံးဖြစ်နိုင်တဲ့ အမှားတွေက ...




တချို့က မျက်မြင်ကိုယ်တွေ့ ကြုံတွေ့လိုက်ရမှု တင်ကြပေမယ့် တချို့က သတင်းရင်းမြစ်ကို သေချာမစုံစမ်းဘဲနဲ့ ပြန်တင်ကြတာမျိုးရှိတယ်။ အဲဒါကြောင့် သတင်းတက်တာ မြန်ပေမယ့် သတင်းအမှားတွေလည်း တွေ့ရတတ်တယ်။ ဉပမာ – ဘင်္ဂလားပင်လယ်အော်ထဲမှာ မုန်တိုင်းရှိတယ်တို့၊ ၂၄ နာရီအတွင်း မုန်တိုင်းလာမယ်တို့ blog တွေမှာ ရေးကြတာမျိုးပေါ့ ။ Forward တွေလည်း ပို့ကြတယ်။ တကယ်က ၂၀၀၈ ခုနှစ်တုန်းက မုန်တိုင်းနာမည်နဲ့ဟာကို ဘယ်မှာဖတ်ခဲ့မှန်းမသိဘဲ လိုက်ပြီး သတိပေးနေတာ။ သတင်းရင်းမြစ်ကို သေချာမစုံစမ်းဘဲနဲ့ လက်ဆင့်ကမ်းတာကြောင့်ဖြစ်တဲ့ ပြဿနာပါ။

## Social website တွေ များပြားလာတာကြောင့် နောက်ပိုင်းမှာ blogger တွေအတွက် နယ်ပယ်ကျဉ်းလာတာမျိုးများ ဖြစ်လာနိုင်ပါသလား

ကျွန်တော်ထင်တာက နောက်ပိုင်းမှာ အခုရှိနေတဲ့ blogger ပုံစံတွေ နည်းလာပြီး သတင်း message တိုလေးတွေကိုပဲ ရေးတဲ့ microblogging တွေ များလာမယ်ထင်တယ်။ ဉပမာ – twitter တို့၊ facebook မှာ note လိုဟာမျိုး ရေးတာတွေ ပိုတွင်ကျယ်လာမယ်ထင်တယ်။

ဒီကိစ္စက blog တစ်ခု ဆောက်သလို အချိန်ပေးဖို့မလိုဘူး။ နည်းပညာပိုင်းလည်း ပိုလွယ်ကူတယ်။ နိုင်ငံခြားမှာက twitter လို microblogging တွေကို အရမ်းအသုံးများတယ်။ တစ်ခုရှိတာက facebook ရဲ့ note မှာ ရေးထားတာကို permission ပေးမထားရင် ဖတ်မရတာမျိုး ရှိတတ်ပါတယ်။

## မြန်မာနိုင်ငံက blogger တွေအပေါ် သုံးသပ်ချက်လေး ပြောပေးပါ

ကျွန်တော်သိသလောက်တော့ ၂၀၀၇၊ ၂၀၀၈ တုန်းက blogger တွေ တော်တော်များများရှိတယ်။ အခုတော့ တဖြည်းဖြည်းနဲ့ နည်းလာတယ်။ နည်းပညာအခက်အခဲတွေ ပိုများလာတာကြောင့် လည်းပါပါတယ်။ အခမဲ့ပေးတဲ့ website တွေဖွင့်ဖို့တောင် ခက်ခဲလာတယ်။ နောက်တစ်ခုက social media တွေ လှုပ်ရှားမှု ပိုများလာတာကြောင့်လည်း ပါတယ်။ Facebook လို ဟာမျိုးတွေကို ပိုသုံးလာကြတယ်။ အဲဒါကြောင့် blogger တွေ နည်းလာတယ်လို့ ထင်တယ်။ ■




ရဲလျှံ(သံတွဲ)

အချိန်ပေးဖြေကြားခဲ့သည့် ကိုထူးတေဇာအား PCWorld Myanmar မှ အထူးပင်ကျေးဇူးတင်ရှိပါသည်။